အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင်

အသက်ပေးခွင့်ရရန် တောင်းဆိုခဲ့ပါက ထိုသူသည်

မိမိအိပ်ရာပေါ်တွင် ကွယ်လွန်သွားပါကလည်း အရှင်မြတ်သည်ထိုသူ့အား ရှုဟဒါအ် သာသနာ့အာဇာနည်များ၏အဆင့်အတန်းသိုပိုပေးမည်ဖြစ်သည်။

စုဟိုင်လ်ဗင်န်ဟနီးဖ်(ရဿွိယလ္လာဟုအန်ဟု) ဆင့်ပြန်သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်မှာ - အကြင်သူသည်
အလ္လာဟ်အရှင်မြတ်၏လမ်းတွင် အသက်ပေးခွင့်ရရန် တောင်းဆိုခဲ့ပါက ထိုသူသည်
မိမိအိပ်ရာပေါ်တွင် ကွယ်လွန်သွားပါကလည်း အရှင်မြတ်သည် ထိုသူ့အား ရှုဟဒါအ်
သာသနာ့အာဇာနည်များ၏အဆင့်အတန်းသို ပိုပေးမည်ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်မှာ အကြင်သူသည်အလ္လာဟ်အရှင်မြတ်ကျေနပ်ဖိုရန် သီးသန့်ရည်ရွယ်၍အရှင်မြတ်၏လမ်းတွင်အသက်ပေးခွင့်ရရန်တောင်းဆိုခဲ့ပါက ထိုသူသည် ဂျိဟာဒ်တွင်မပါဝင်ဘဲ မိမိအိပ်ရာပေါ်တွင်ကွယ်လွန်သွားပါကလည်း အရှင်မြတ်သည် ထိုသူ၏စစ်မှန်သည့် ရည်စူးချက်ကြောင့် ထိုသူ့အားရှုဟဒါအ် သာသနာ့အာဇာနည်များ၏အဆင့်အတန်းသို ပိုပေးမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3157